(ဍ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရရှိမှုကို ကုန်ကြမ်းအတိုင်း ရောင်းချမှုမှ တန်ဖိုးမြင့် ရေနံဓာတုထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချရေးသို့ ပြုပြင်ပြောင်းလဲဆောင်ရွက်သွားစေရန်။

(ဎ) စိုက်ပျိုးရေးကဏ္ဍ၏ ယူရီးယားဓာတ်မြေဩဇာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ထုတ်လုပ်မှုလျာထားချက် ရေးဆွဲစေပြီး လျာထားချက်နှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ညှိနှိုင်းစီမံခန့်ခွဲဖြည့်ဆည်းပေးရန်။

(ဏ) စွမ်းအင်တန်ဖိုးသတ်မှတ်ရာတွင် နိုင်ငံတကာဈေးနှုန်းများနှင့်အညီ သုံးစွဲသူနှင့် ရင်းနှီးမြှုပ်နှံသူ နှစ်ဦးနှစ်ဖက် အဆင်ပြေစေရေးဈေးနှုန်းမူဝါဒကို ချမှတ်ပေးရန်။

(တ) စွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စီမံကိန်းမစတင်မီ လုပ်ငန်းဆောင်ရွက်မည့်ဒေသ၏ လူမှုစီးပွားကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေတို့ကို လေ့လာမှုများပြုလုပ်၍ လေ့လာတွေ့ရှိသည့် (Environmental Impact Assessment, Social Impact Assessment) များ မဖြစ်မနေ ဆောင်ရွက်စေပြီး ပြည်သူများ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးနိုင်ရေး ဆောင်ရွက်သွားရန်။

(ထ) နိုင်ငံတော်၏စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ အိမ်သုံး (House Hold) ကဏ္ဍတို့၌ စွမ်းအင်သုံးစွဲမှု အကျိုးရှိထိရောက်စွာသုံးစွဲရေးအတွက် ရည်မှန်းချက် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားစေရန်နှင့် စွမ်းအင်လေလွင့်ဆုံးရှုံးမှုများ မရှိစေရေးကို အလေးထားဆောင်ရွက်သွားစေရန်။

(ဒ) စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂလိကများကို တိုးချဲ့ဖိတ်ခေါ်ဆောင်ရွက်ရေးနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးအတွက် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန်။

(ဓ) အာဆီယံဒေသတွင်း မြို့ပြသုံး ဈူကလီးယားစွမ်းအင်ကဏ္ဍဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး လိုအပ်သော လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားစေရန်။

(န) လတ်တလောအကျပ်အတည်းသာမက ရေရှည်နှစ်ပေါင်းများစွာ မျိုးဆက်သစ်များ၏ အနာဂတ်ဘဝများကိုပါ လွှမ်းခြုံနိုင်စေမည့် အမျိုးသားစွမ်းအင်လုံခြုံရေးမဟာဗျူဟာ (National Energy Security Strategy) တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန်။

(ပ) ရေးဆွဲသည့် အမျိုးသားစွမ်းအင်မူဝါဒနှင့် အမျိုးသားစွမ်းအင်လုံခြုံရေးမဟာဗျူဟာတို့နှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပေါ်ထွန်းလာစေရေး စီမံဆောင်ရွက်ပေးရန်။

(ဖ) အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးများ ကျင်းပချိန်များတွင် သမ္မတရုံးဝန်ကြီးဌာန (၃) နှင့် သမ္မတရုံးဝန်ကြီးဌာန (၅)၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဝင်) နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (သတ္တုနှင့်သယံဇာတရေးရာကော်မတီဝင်) တို့ တက်ရောက်နိုင်ရေး ဖိတ်ကြားသွားရန်။

(၃) **စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဖေကြည်<br>ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါက်တာသိန်းထွန်း<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ကျော့ကျော့ဝင်း<br>ညွှန်ကြားရေးမှူး (ငြိမ်း)<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးသောင်းဝင်း<br>(ဥက္ကဋ္ဌ<br>စွမ်းအင်နှင့်ပြန်ပြည့်မြဲစွမ်းအင်ကော်မတီ)<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |

(ဍ) ဦးဝင်းကြိုင် အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်
မြန်မာပြန်ပြည့်မြဲစွမ်းအင်အသင်း

(ဎ) ဥက္ကဋ္ဌမှ အဆိုပြုသူ အတွင်းရေးမှူး

(၄) စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီမှ စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် စီမံကိန်းရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ပေးရန်။

(ခ) နိုင်ငံပိုင်အခန်းကဏ္ဍအချိုးအစားနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍအချိုးအစား ပြောင်းလဲလုပ်ဆောင်မည့် အစီအစဉ်များကို သက်ဆိုင်ရာတို့နှင့်ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဂ) စက်မှုနိုင်ငံဖြစ်ရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရည်မှန်းဆောင်ရွက်ရာတွင် အဓိကအလိုအပ်ဆုံးဖြစ်သော စွမ်းအင်ကဏ္ဍနှင့်စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အပြန်အလှန်ဆက်စပ်မှီခိုနေသဖြင့် Energy Plan နှင့် Industrial Development Plan တို့ကို စနစ်တကျချိတ်ဆက်စီမံဆောင်ရွက်သွားရန်။

(ဃ) နိုင်ငံ၏ သဘာဝသယံဇာတအရင်းအမြစ်ကို ကုန်ကြမ်းအတိုင်း ထုတ်လုပ်ရောင်းချမှုမှ တန်ဖိုးမြှင့်ကုန်စည် (Value Added Product) များကို ထုတ်လုပ်ရောင်းချနိုင်ရေး၊ ပြုပြင် ပြောင်းလဲရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားရန်။

(င) စွမ်းအင်ကဏ္ဍစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မူဝါဒနှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း (Policy Making and Decision Making) ပြုလုပ်နိုင်ရေးအတွက် ကိန်းဂဏန်း စာရင်းအင်းများ အရည်အသွေးပြည့်ဝရေးနှင့် တိကျမှန်ကန်ရေးသည် အဓိကကျသဖြင့် မြေပြင်ကွင်းဆင်း၍ တိတိကျကျကောက်ယူစေခြင်း (Check, Recheck, Counter Check) ဖြင့် ကွက်ကောက်ပြန်လည်စစ်ဆေးစေခြင်း၊ ဖြစ်နိုင်စွမ်းလေ့လာခြင်း (Feasibility Study) တို့ကို ဆောင်ရွက်စေခြင်းဖြင့် ခိုင်မာမှန်ကန်သည့် ကိန်းဂဏန်းစာရင်းအင်းသတင်းအချက် အလက်များ ရရှိရေးကို အလေးထားဆောင်ရွက်ရန်။

(စ) စွမ်းအင်လိုအပ်မှု ကြိုတင်ခန့်မှန်းခြင်းကို နှစ်အလိုက် ကာလတို၊ ကာလရှည် အနီးစပ်ဆုံး လိုအပ်ချက်ရရှိစေရေး စွမ်းအင်ကဏ္ဍတွင် ပါဝင်သူများ၏ အကြံဉာဏ်နှင့် ပူးပေါင်း ဆောင်ရွက်မှုကို ရယူ၍ ရေးဆွဲဆောင်ရွက်ပေးရန်။

(ဆ) အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေးကော်မတီမှ ချမှတ်ထားသော စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒနှင့်အညီ စီမံကိန်းများ ရေးဆွဲရာတွင် နှစ်အလိုက် ကာလတို၊ ကာလရှည်ရည်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်သွားရန်။

(ဇ) နှစ်အလိုက် ကာလတို၊ ကာလရှည် ချမှတ်ဆောင်ရွက်ထားသည့် ရည်မှန်းချက်နှင့် လုပ်ထုံး လုပ်နည်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်၍ လိုအပ်ပါက ရည်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲရန်။

(ဈ) စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အခွင့်အလမ်းများနှင့် ကန့်သတ်ချက် များကို လေ့လာသုံးသပ်၍ ရည်မှန်းချက်၊ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန်။

(ည) ပြည်ထောင်စုအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုအပိုင်း၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုအပိုင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ရင်းနှီးမြှုပ်နှံထုတ်လုပ်သည့်

အပိုင်းများ တိုးတက်အောင်ဆောင်ရွက်ရန်နှင့် ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရေး စီမံချက်ချမှတ်ဆောင်ရွက်ရန်။

( ဋ ) စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် စွမ်းအင်အမျိုးအစားအလိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ရန်နှင့်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်။

( ဌ ) မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော စွမ်းအင်ကဏ္ဍဆုံးရှုံးမှုများအတွက် အရေးပေါ်ဖြည့်ဆည်းမှုများပြုလုပ်နိုင်ရန် စွမ်းအင်အရန်ထားရှိနိုင်ရေးမူချမှတ်ဆောင်ရွက်သွားရန်။

( ဍ ) စွမ်းအင်ကဏ္ဍထုတ်ကုန်များအပေါ် ဝယ်ယူခြင်း၊ ရောင်းချခြင်းများအတွက် ဈေးနှုန်းမူဝါဒ (Pricing Policy) နှင့် ဈေးနှုန်းသတ်မှတ်ရေးကော်မတီ (Pricing Committee) များ ဖွဲ့စည်းဆောင်ရွက်ရန်။

( ပ ) ပြည်ပအဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာတွင် ပြည်တွင်းလုပ်ငန်းရှင်များမှပါဝင်ရင်းနှီးမြှုပ်နှံလိုပါက စိစစ်ရွေးချယ်ထားသော ကုမ္ပဏီများ သို့မဟုတ် အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ တွဲဖက်၍ လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်ရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန်။

(ဏ) နေစွမ်းအင်၊ လေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ဇီဝဒြပ်ထုနှင့် ဇီဝလောင်စာဆီ စသည့်ပြန်လည်ပြည့်ဖြိုးသော စွမ်းအင်လုပ်ငန်းများတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများအားကောင်းလာစေရေး ဆွဲဆောင်နိုင်သည့် အစီအစဉ်များကို ကြိုတင်ချမှတ်ဆောင်ရွက်သွားရန်။

(တ) ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပါဝင်နိုင်ရေးအတွက် စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်သွားရန်။

(ထ) စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းမှ ပညာရှင်များနှင့်ပူးပေါင်း၍နည်းပညာနှင့်စီမံခန့်ခွဲမှုတွင် အတွေ့အကြုံရှိသော နိုင်ငံတကာမှအဖွဲ့အစည်းများ၏ အကူအညီကို ရှာဖွေခြင်း၊ အတိုင်ပင်ခံအဖွဲ့အစည်းများ ငှားရမ်း၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲရေးနှင့် နည်းပညာပိုင်းဆိုင်ရာစံနှုန်းများ၊ သတ်မှတ်ချက်များ ပြဋ္ဌာန်းသတ်မှတ်နိုင်ရန် လေ့လာသုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်။

( ဒ ) ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ မီဒီယာများမှတစ်ဆင့်လည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့်လည်းကောင်း နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကများကိုနည်းပညာပိုင်းဆိုင်ရာအသိပညာပေးဆောင်ရွက်ရန်နှင့် ပြည်တွင်းပြည်ပသို့ စေလွှတ်၍နည်းပညာပိုင်းဆိုင်ရာပညာရပ်များကို သင့်လျော်သလို လေ့လာသင်ယူစေရန်။

( ဓ ) နိုင်ငံတကာငွေကြေးထောက်ပံ့မှုဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လိုအပ်သည့်ဘဏ္ဍာရေးဆိုင်ရာအကူအညီများနှင့် နည်းပညာပိုင်းဆိုင်ရာအကူအညီများကို ရနိုင်သမျှရှာဖွေ၍ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအား ဦးစားပေးရင်းနှီးမြှုပ်နှံသွားရန်။

( န ) စွမ်းအင် အကျိုးရှိထိရောက်စွာ အသုံးချရေးအတွက် ဆက်စပ်အချက်အလက်များ စုစည်းခြင်း၊ စွမ်းအင်ထိရောက်စွာအသုံးချရေးစီမံချက်များ၊ စီမံကိန်းရေးဆွဲခြင်းများ ဆောင်ရွက်

ရာတွင် နှစ်အလိုက် ကာလတို၊ ကာလရှည် ရည်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်သွားရန်။

(ပ) စွမ်းအင် အကျိုးရှိထိရောက်စွာ အသုံးချရေးအတွက် ဆက်စပ်အချက်အလက်များ စုစည်းခြင်း၊ စွမ်းအင် ထိရောက်စွာအသုံးချရေးစီမံချက်များ၊ စီမံကိန်းများ ရေးဆွဲခြင်းများ ဆောင်ရွက်ပြီး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်စဉ်ကာလအတွင်း အခြားဆက်စပ်ကဏ္ဍများနှင့် ညှိနှိုင်းပေးရန်။

(ဖ) မြို့ပြသုံးချုံကလီးယားစွမ်းအင်ကဏ္ဍဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒေသတွင်း အဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းတို့နှင့် ပူးပေါင်း၍ နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၃**

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

**မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေများ သတ်မှတ်၍ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ခြင်းနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် **"မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သာသနာရေးဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံတော်သမ္မတရုံး

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အနုပညာဦးစီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သမိုင်းသုတေသနဦးစီးဌာန

(န) ပါမောက္ခချုပ် အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)

(ပ) ပါမောက္ခချုပ် အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)

(ဖ) ပါမောက္ခ အဖွဲ့ဝင်
မနုဿဗေဒဌာန
ရန်ကုန်တက္ကသိုလ်

(ဗ) ဒေါက်တာတိုးလှ အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာသမိုင်းအဖွဲ့

(ဘ) ဦးကျော်ဝင်း　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ယဉ်ကျေးမှုဝန်ကြီးဌာန

(မ) ဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး

(ယ) ဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး

(ရ) ဒေါက်တာကျော်လတ်　အဖွဲ့ဝင်
ဗိသုကာပညာရှင်
မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း

(လ) ဦးဆန်းဦး　အဖွဲ့ဝင်
ဗိသုကာပညာရှင်
မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း

(ဝ) ဦးသန်းမြင့်　အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(သ) ဒုတိယဝန်ကြီး　အတွင်းရေးမှူး
ယဉ်ကျေးမှုဝန်ကြီးဌာန

(ဟ) ညွှန်ကြားရေးမှူးချုပ်　တွဲဖက်အတွင်းရေးမှူး
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန

၂။ ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာနိုင်ငံ၏ ရှေးဟောင်းဒေသများအနက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအဖြစ် သတ်မှတ်သင့်သည့် ဒေသများနှင့် နယ်မြေအပိုင်းအခြားကို သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(ခ) နိုင်ငံတော်အစိုးရက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်သင့်သည်ဟု ယူဆသော ရှေးဟောင်းနေရာ၊ ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းပစ္စည်းများကို ဖော်ထုတ်စာရင်းပြုစုရန်အတွက် လမ်းညွှန်စာရင်းပြုစုရန်။

(ဂ) ယဉ်ကျေးမှုဒေသအတွင်း၌ဖြစ်စေ၊ ဒေသတစ်ဆက်တစ်စပ်တည်း မြင်ကွင်းတစ်ခုတည်းဖြစ်၍ အကာအကွယ်ပေးရန် လိုအပ်သော ဆက်စပ်နယ်မြေ၌ဖြစ်စေ နေထိုင်ရန် လူနေအိမ်ခြေတိုက်တာ အဆောက်အအုံများ၊ လူသွားလမ်း၊ ယာဉ်သွားလမ်းများ၊ အသက်မွေးမှုအတွက် လယ်ယာများ၊ အခြားစီးပွားရေးလုပ်ငန်းများ အစရှိသည်တို့အတွက် ဆောင်ရွက်ခွင့်နှင့် မြေအသုံးချခွင့်ကို ထိန်းသိမ်းကန့်သတ်ပေးရန်။

(ဃ) ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းပြုနိုင်ရေးအတွက် လိုအပ်သလို တင်ပြဆောင်ရွက်ရန်။

(င) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းတွင် နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒချမှတ်ပေးရန်။

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုလုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်။

(ဆ) နိုင်ငံတော်၏ယဉ်ကျေးမှုမူဝါဒဖြစ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို ဆောင်ရွက်ရန်အတွက် မူဝါဒများ ချမှတ်ပေးရန်။

(ဇ) လူငယ်ထုအတွင်း မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို စိတ်ဝင်စားတန်ဖိုးထားလေးစားစေရေးအတွက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအခြေခံမပျက်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်။

(ဈ) မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး၊ ဇာတ်သဘင်၊ ပြဇာတ်၊ ယိမ်း၊ အငြိမ့်၊ ဇာတ်တော်ကြီးများ၊ တိုင်းရင်းသားရိုးရာအက၊ ဂီတများနှင့် ပန်းဆယ်မျိုးအတတ်ပညာများ စသည်တို့ကို စဉ်ဆက်မပြတ် လေ့လာ၊ ဖော်ထုတ်၊ ထိန်းသိမ်း၊ ပြန့်ပွားစေရေး ဆောင်ရွက်ရန်။

(ည) မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအနုပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပိုမိုမြင့်မားလာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်။

( ဋ ) မြန်မာနိုင်ငံရှိ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များအား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းရေး အတည်ပြုပေးရန်။

( ဌ ) သက်ဆိုင်ရာဌာနက စာရင်းကောက်ယူထားပြီး တင်ပြလာသော ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းများအား ကမ္ဘာ့အမွေအနှစ်အဆင့်၊ အမျိုးသားအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် သတ်မှတ်ပေးရန်။

( ဍ ) ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ပြတိုက်များတွင် ပြသထားသော ပြသပစ္စည်းများ စုဆောင်းထားရှိမှု၊ ခင်းကျင်းပြသပုံစနစ်၊ ပြတိုက်တည်ရှိရာ ဒေသခံပြည်သူများအပေါ် ပြတိုက်ပညာပေးရေးဆောင်ရွက်နိုင်မှု၊ အဆောက်အဦပိုင်းဆိုင်ရာကောင်းမွန်မှုတို့အပေါ် အခြေခံကာ ပြတိုက်များကို အဆင့်သတ်မှတ်ပေးရန်။

( ဎ ) တိုင်းရင်းသားများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ယဉ်ကျေးမှုဓလေ့ထုံးစံများကို ရှာဖွေဖော်ထုတ် စာရင်းပြုစုရန်။

(ဏ) အမျိုးသားပြတိုက်နှင့်ပြတိုက်များ တည်ထောင်ဖွင့်လှစ်ခြင်းဆိုင်ရာဥပဒေကို ရေးဆွဲသတ်မှတ်နိုင်ရေးအတွက် မူဝါဒများ ချမှတ်ပေးရန်။

(တ) အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသည့်ဥပဒေ ရေးဆွဲသတ်မှတ်နိုင်ရေးအတွက် မူဝါဒများ ချမှတ်ပေးရန်။

(ထ) သမိုင်းဝင်နေရာများဆိုင်ရာ အထိမ်းအမှတ်ဥယျာဉ်၊ ရှေးဟောင်းသုတေသနဆိုင်ရာအထိမ်းအမှတ်ဥယျာဉ်တို့အား ဖော်ထုတ်တိုးချဲ့သတ်မှတ်ရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၁) ကို ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၃**

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် )

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း**
**ရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် **"လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၅) | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၆) | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ပ ) | ပြည်ထောင်စုဝန်ကြီး<br>မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>ဆက်သွယ်ရေးနှင့်<br>သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ပ ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဖ ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဗ ) | ပြည်ထောင်စုဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( မ ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ရ ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (လ) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| ( ဝ ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (သ) | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |

(ဟ) ဝန်ကြီး အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

(ဠ) ဥက္ကဋ္ဌ အဖွဲ့ဝင်
စီးပွားရေးနှင့်လူမှုရေးအကြံပေးကောင်စီ

(အ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ကက) ဒုတိယဝန်ကြီး အတွင်းရေးမှူး
ပညာရေးဝန်ကြီးဌာန

(ကခ) ဒုတိယဝန်ကြီး တွဲဖက်အတွင်းရေးမှူး
ကျန်းမာရေးဝန်ကြီးဌာန

၂။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတော်၏ လူမှုစီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်၊ ဒေသန္တရအလိုက် ရှိပြီးအရင်းအမြစ်စာရင်းဇယားများ စုဆောင်းရယူခြင်း၊ လေ့လာသုံးသပ်ခြင်းများ ဆောင်ရွက်ပြီး စီမံကိန်းရေးဆွဲနိုင်ရေးမူဝါဒများ ချမှတ်ပေးရန်။

(ခ) ပြည်တွင်း၊ ပြည်ပ ပညာရှင်များ အကူအညီဖြင့် ကဏ္ဍအလိုက်၊ ဒေသန္တရအလိုက် စူးစမ်းလေ့လာမှုများပြုလုပ်ခြင်းနှင့် အတိုင်ပင်ခံကျွမ်းကျင်သူများ၏ အကူအညီဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ရေးဆွဲစေရန်။

(ဂ) ရေးဆွဲပြုစုပြီးသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Human Resource Development Plan) အား ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) အတည်ပြုချက်ရရှိပြီးသော စီမံကိန်းအား လက်တွေ့အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ဆဲလုပ်ငန်းများအတွက် လိုအပ်မည့် လုပ်ငန်းကော်မတီများ၊ ဒေသန္တရအလိုက် လုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီများနှင့် ဆပ်ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းပေးရန်။

(င) လုပ်ငန်းကော်မတီအလိုက် လက်တွေ့အကောင်အထည်ဖော်ရာတွင် လိုအပ်လာမည့် အရင်းအနှီးနှင့် နည်းပညာရရှိရေးအတွက် နိုင်ငံတော်အစိုးရဘဏ္ဍာငွေမှလည်းကောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ပါဝင်ရင်းနှီးမြှုပ်နှံမှုများဖြင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီရယူ၍လည်းကောင်း ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးရန်။

(စ) လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်နိုင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု ဟန်ချက်ညီအောင် ပြည်တွင်း၊ ပြည်ပနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်။

(ဆ) မြန်မာနိုင်ငံ၏ လူအင်အားအချက်အလက်၊ အသက်၊ အတန်းပညာ၊ ကျား/မ အုပ်စုအလိုက် Work Force စာရင်းမှန်ကန်ရေး ကောက်ယူစိစစ်သုံးသပ်ခြင်းနှင့် သန်းခေါင်စာရင်း ကောက်ယူရာတွင် လူ့စွမ်းအားအရင်းအမြစ်ညွှန်းကိန်းဆိုင်ရာအချက်အလက်များ တိကျမှန်ကန်စွာကောက်ယူသွားရန်။

(ဇ) အစိုးရဌာနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ သုတေသနလုပ်ငန်းများအား ပြည်တွင်း၊ ပြည်ပနှင့် ဆက်သွယ်ဆောင်ရွက်ပေးရန်။

(စျ) လုပ်ငန်းကော်မတီအလိုက်၊ ကဏ္ဍအလိုက် တိုးတက်မှုအစီရင်ခံစာများ တင်ပြစေပြီး စိစစ်သုံးသပ်အကဲဖြတ်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊ ကာလအလိုက် သုံးသပ်ချက်အစီရင်ခံစာ ပြုစုတင်ပြရန်။

(ည) နိုင်ငံတော်၏လူ့စွမ်းအားဖွံ့ဖြိုးမှုညွှန်းကိန်း (Human Development Index) သည် နိုင်ငံတကာနှင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း နှိုင်းယှဉ်၍ သိသိသာသာတိုးတက်ကောင်းမွန်လာအောင် ကြပ်မတ်ဆောင်ရွက်ရန်။

(ဋ) ထောင်စုနှစ်ရည်မှန်းချက်များ (Millennium Development Goals) ပါ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအညွှန်းကိန်းများအား ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်။

(ဌ) လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ နိုင်ငံပိုင်ကဏ္ဍ၊ အဖွဲ့အစည်းကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများကြားတွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များကြားတွင်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းပေးရန်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

## မြန်မာနိုင်ငံစာရင်းကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၁ အရ ပြန်လည်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံစာရင်းကောင်စီကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄ (ဃ) အရ အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးသိန်းထိုက် | ပြည်ထောင်စုစာရင်းစစ်ချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမျိုးမြင့် | ဒုတိယစာရင်းစစ်ချုပ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးသိန်းမြင့် | ရှမ်းပြည်နယ်စာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းသင် | လက်မှတ်ရပြည်သူ့စာရင်းကိုင် | အဖွဲ့ဝင် |
| (င) | ဦးသန်းတင် | လက်မှတ်ရပြည်သူ့စာရင်းကိုင် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးကျော်ဟိုး | လက်မှတ်ရပြည်သူ့စာရင်းကိုင် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ခင်စန်းဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | ဦးမော်သန်း | ပါမောက္ခချုပ် (အငြိမ်းစား)<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဈ) | ဦးမြတ်မော် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးမောင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာဦးစန်းလွင် | ပါမောက္ခချုပ်<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဌ) | ဦးအောင်နိုင်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်<br>ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးစိန်ဝင်းလှိုင် | ဗဟိုအလုပ်အမှုဆောင်<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>ကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဎ) | ဦးမောင်မောင်လွင် | အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး)<br>မြန်မာ့မီးရထား | အဖွဲ့ဝင် |
| (ဏ) | ဦးကျော်သန်း | ဌာနမှူး<br>ဘဏ္ဍာရေးဌာန<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (တ) | ဦးကြည်ဝင်း | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံစာရင်းကောင်စီ၏သက်တမ်းကို ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၅ နေ့မှစ၍ (၄) နှစ် သတ်မှတ်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )

**နိုင်ငံတော်သမ္မတ၏ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ **"နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ"** အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်အား တာဝန်ပေးအပ် လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )

**အများပြည်သူဝန်ဆောင်မှုသတင်းစာ အုပ်ချုပ်ရေးအဖွဲ့**
**အဖွဲ့ဝင်အမည် ပြောင်းလဲဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၂) ဖြင့် ဖွဲ့စည်းခဲ့သော **"အများပြည်သူဝန်ဆောင်မှု သတင်းစာ အုပ်ချုပ်ရေးအဖွဲ့"** တွင် အဖွဲ့ဝင် ဦးရဲမြင့်ဖေ၊ မြန်မာ့အလင်းသတင်းစာ၊ စာတည်းမှူးချုပ် (အငြိမ်းစား) **အစား** ဦးတင်ခ၊ ဦးဆောင်ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအား အဖွဲ့ဝင်အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃**

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် )

**အမျိုးသားလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီအား ဖျက်သိမ်းခြင်း**

၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၈ အရ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးနှင့် သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရမည်ဖြစ်၍ အမျိုးသားလွှတ်တော်က ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၂ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အမျိုးသားလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီအား ဤအမိန့်ကြော်ငြာစာဖြင့် ဖျက်သိမ်းလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

**နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာစနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာစနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

## နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာစနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁။ )

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၆) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

### တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

လွှတ်တော်ရုံး။

# တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ
# ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းရင်းဆေးကောင်စီဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "တစ်ဆက်တည်း ၃ ကြိမ်အထိ" ဆိုသည့် စကားရပ်ကို "တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌမှအပ ကျန်ကောင်စီဝင်များ၏ သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ်အထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ တိုင်းရင်းဆေးကောင်စီဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) အား "တိုင်းရင်းဆေးပညာခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျရေး၊ သင်ကြားရေးများ၊ သုတေသနပြုရေးများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသို့ လိုအပ်သည့် အကြံပြုချက်များ တင်ပြခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းရင်းဆေးကောင်စီဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (စ) အား "နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ တိုင်းရင်း ရိုးရာဆေးပညာကို အသုံးပြု၍ ကုသသော ဆေးဆရာများအား ဆေးကုသခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ဆေးကုသခွင့်လိုင်စင် ထုတ်ပေးရန် ၎င်းတိုင်းရင်းရိုးရာဆေးပညာအတွက် လိုအပ်သော လက်မှတ်၊ ကုသမည့် ဆေးဆရာတို့၏ အရည်အချင်းတို့ကို တိုင်းရင်းဆေးပညာဦးစီးဌာနက စိစစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုချက်တင်ပြခြင်းနှင့် ထောက်ခံချက်ပေးခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းရင်းဆေးကောင်စီဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်တစ်သိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် )

### လက်ထောက်ညွှန်ကြားရေးမှူးရာထူး ခန့်ထားခြင်း

အမှတ် ၈၆ ။ ။ သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့စွဲပါ စာအမှတ်၊ ၁/၄/၁၉ (၆၃၃၂)/သမဝ-၂၀၁၂ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်း အမှုထမ်းဆောင်ခွင့်ပြုခဲ့သော သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းမှ မန်နေဂျာ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-

၁၃၀,၀၀၀) ဦးကျော်ကျော်စိုးအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၁၂) မှ သဘောတူခွင့်ပြုထားသည့် ဖွဲ့စည်းပုံအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာ၌ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

အမှတ် ၈၇ ။ ။ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်စိုးအား လုပ်ငန်းလိုအပ်ချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် တွဲဖက်နေရာချထားလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## **ပြန်ကြားရေးဝန်ကြီးဌာန**

### **ဝန်ကြီးရုံး**

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

အမှတ် ၁၀၇ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ လက်ထောက်စာကြည့်တိုက်မှူး လစာနှုန်း (၅၉,၀၀၀-၁,၀၀၀-၆၄,၀၀၀) ဒေါ်ဥမ္မာထွေးအား ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော စာကြည့်တိုက်မှူး လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးသို့ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### **ဝန်ကြီးရုံး**

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် )

အမှတ် ၁၀၈ ။ ။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြုပြင်ပြောင်းလဲရေး (MRTV Reform) စီမံချက်ရေးဆွဲဆောင်ရွက်ရန်အတွက် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဒုတိယအထွေထွေ မန်နေဂျာ (ပုံနှိပ်) လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးကိုကိုနိုင်အား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အထူးအရာရှိအဖြစ် တွဲဖက်တာဝန် ထမ်းဆောင်စေလိုက်သည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### လွှတ်တော်ရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် )

အမှတ် ၁၆ ။ ။ လွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုမောင်အား ဒုတိယ ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးသို့ အလုပ်ဝတ္တရားများ လက်ခံ ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် )

အမှတ် ၁၇ ။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနမှ ပြောင်းရွှေ့ လာသော ဦးဝင်းဆွေ ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) အား လွှတ်တော်ရုံး၊ ပြည်သူ့ လွှတ်တော်ဌာနတွင် လစာနှုန်းတူ ဦးစီးအရာရှိရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့် နေ့မှစ၍ ခန့်ထားလိုက်သည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**စစ်ရာထူးခန့်ချုပ်ရုံး**

**(ကြည်းတပ်ဌာနခွဲ)**

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

အမှတ် ၁၅၄/၂၀၁၂ ။ ။ အောက်ဖော်ပြပါ စစ်တက္ကသိုလ်၊ အမှတ်စဉ် (၅၅) ဗိုလ်လောင်းသင်တန်းမှ ဗိုလ်လောင်းများအား တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | ရဲသူအောင် | ကြည်း | ၆၃၄၃၄ |
| (၂) | ဖွဲ့ဟိန်းထက် | ကြည်း | ၆၃၄၃၅ |
| (၃) | နေမင်းစံ | ကြည်း | ၆၃၄၃၆ |
| (၄) | ထက်ကိုကိုဇော် | ကြည်း | ၆၃၄၃၇ |
| (၅) | ဟန်ဝင်းလွင် | ကြည်း | ၆၃၄၃၈ |
| (၆) | ရဲချစ်ပိုင် | ကြည်း | ၆၃၄၃၉ |
| (၇) | ငြိမ်းမင်းသန့် | ကြည်း | ၆၃၄၄၀ |
| (၈) | အောင်ကိုမန်း | ကြည်း | ၆၃၄၄၁ |
| (၉) | ကောင်းထက်မော် | ကြည်း | ၆၃၄၄၂ |
| (၁၀) | ဝေဖြိုးအောင် | ကြည်း | ၆၃၄၄၃ |
| (၁၁) | လင်းသက်ပိုင် | ကြည်း | ၆၃၄၄၄ |
| (၁၂) | ရဲမင်းထွေး | ကြည်း | ၆၃၄၄၅ |
| (၁၃) | အောင်ဇော်ဟိန်း | ကြည်း | ၆၃၄၄၆ |
| (၁၄) | အောင်ကိုခန့် | ကြည်း | ၆၃၄၄၇ |
| (၁၅) | စံမြ | ကြည်း | ၆၃၄၄၈ |
| (၁၆) | အောင်ကိုကို | ကြည်း | ၆၃၄၄၉ |
| (၁၇) | မျိုးမြင့်ဇော် | ကြည်း | ၆၃၄၅၀ |
| (၁၈) | ရာဇာကျော် | ကြည်း | ၆၃၄၅၁ |
| (၁၉) | အောင်အောင်ထက် | ကြည်း | ၆၃၄၅၂ |
| (၂၀) | ဇင်ဖြိုးဝေ | ကြည်း | ၆၃၄၅၃ |
| (၂၁) | ဇော်မျိုးထွန်း | ကြည်း | ၆၃၄၅၄ |
| (၂၂) | အောင်ကျော်စော | ကြည်း | ၆၃၄၅၅ |
| (၂၃) | တေဇာအောင် | ကြည်း | ၆၃၄၅၆ |
| (၂၄) | ထက်အောင်ခန့် | ကြည်း | ၆၃၄၅၇ |
| (၂၅) | ကျော်ပြည့်စုံအောင် | ကြည်း | ၆၃၄၅၈ |
| (၂၆) | ကျော်ရဲအောင် | ကြည်း | ၆၃၄၅၉ |
| (၂၇) | အောင်ကိုထက် | ကြည်း | ၆၃၄၆၀ |
| (၂၈) | အောင်ငြိမ်းချမ်း | ကြည်း | ၆၃၄၆၁ |
| (၂၉) | စိုင်းသီဟဇော် | ကြည်း | ၆၃၄၆၂ |
| (၃၀) | ရဲစည်သူအောင် | ကြည်း | ၆၃၄၆၃ |
| (၃၁) | အောင်ကိုကို | ကြည်း | ၆၃၄၆၄ |
| (၃၂) | ဟိန်းကိုစိုး | ကြည်း | ၆၃၄၆၅ |
| (၃၃) | အောင်ရာဇာစိုး | ကြည်း | ၆၃၄၆၆ |
| (၃၄) | ပြည့်စုံကျော် | ကြည်း | ၆၃၄၆၇ |
| (၃၅) | အောင်ဇော်ဇော် | ကြည်း | ၆၃၄၆၈ |
| (၃၆) | အောင်ကျော်သူ | ကြည်း | ၆၃၄၆၉ |
| (၃၇) | ကျော်ရဲကို | ကြည်း | ၆၃၄၇၀ |
| (၃၈) | ရှိန်ထက်လင်း | ကြည်း | ၆၃၄၇၁ |
| (၃၉) | ဖွဲ့ဝင့်သူ | ကြည်း | ၆၃၄၇၂ |
| (၄၀) | ဟိန်းမင်းခန့် | ကြည်း | ၆၃၄၇၃ |
| (၄၁) | ထက်နေလင်း | ကြည်း | ၆၃၄၇၄ |
| (၄၂) | ဖြိုးသူရကျော် | ကြည်း | ၆၃၄၇၅ |
| (၄၃) | အောင်မြို့ | ကြည်း | ၆၃၄၇၆ |
| (၄၄) | သန်းလှ | ကြည်း | ၆၃၄၇၇ |
| (၄၅) | အောင်ခန့်ဇော် | ကြည်း | ၆၃၄၇၈ |
| (၄၆) | ဇေလင်းကို | ကြည်း | ၆၃၄၇၉ |
| (၄၇) | ကောင်းထက်နိုင် | ကြည်း | ၆၃၄၈၀ |
| (၄၈) | ဇော်လွင်ဌေး | ကြည်း | ၆၃၄၈၁ |
| (၄၉) | ဇော်အောင် | ကြည်း | ၆၃၄၈၂ |
| (၅၀) | ဝေယံဦး | ကြည်း | ၆၃၄၈၃ |
| (၅၁) | လှဆန်းထွန်း | ကြည်း | ၆၃၄၈၄ |
| (၅၂) | ထူးနေအောင် | ကြည်း | ၆၃၄၈၅ |
| (၅၃) | ရဲစည်သူလှိုင် | ကြည်း | ၆၃၄၈၆ |
| (၅၄) | ကျော်စိုးဝင်း | ကြည်း | ၆၃၄၈၇ |
| (၅၅) | အောင်ကျော်ဦး | ကြည်း | ၆၃၄၈၈ |
| (၅၆) | အောင်ရဲကျော် | ကြည်း | ၆၃၄၈၉ |
| (၅၇) | ထက်နိုင်အောင် | ကြည်း | ၆၃၄၉၀ |
| (၅၈) | သန့်ဇင်လတ် | ကြည်း | ၆၃၄၉၁ |
| (၅၉) | မျိုးကျော်သူ | ကြည်း | ၆၃၄၉၂ |
| (၆၀) | ပိုင်စိုးမိုးကျော် | ကြည်း | ၆၃၄၉၃ |
| (၆၁) | ဖြိုးအောင်ခိုင် | ကြည်း | ၆၃၄၉၄ |
| (၆၂) | အောင်မျိုးဆွေ | ကြည်း | ၆၃၄၉၅ |
| (၆၃) | ကျော်လင်းထွန်း | ကြည်း | ၆၃၄၉၆ |
| (၆၄) | နိုင်သူအောင် | ကြည်း | ၆၃၄၉၇ |
| (၆၅) | ကောင်းထက်ကို | ကြည်း | ၆၃၄၉၈ |
| (၆၆) | ပြည့်စုံ | ကြည်း | ၆၃၄၉၉ |
| (၆၇) | ထူးနိုင်ဝင်း | ကြည်း | ၆၃၅၀၀ |
| (၆၈) | ကျော်ရဲထွန်း | ကြည်း | ၆၃၅၀၁ |
| (၆၉) | ရဲထက်အောင် | ကြည်း | ၆၃၅၀၂ |
| (၇၀) | ကျော်ဇာနည်ဟိန်း | ကြည်း | ၆၃၅၀၃ |
| (၇၁) | ကျော်သီဟ | ကြည်း | ၆၃၅၀၄ |
| (၇၂) | အောင်နိုင်စိုး | ကြည်း | ၆၃၅၀၅ |
| (၇၃) | ဟန်ရဲနောင် | ကြည်း | ၆၃၅၀၆ |
| (၇၄) | ဟန်မျိုးထွန်း | ကြည်း | ၆၃၅၀၇ |
| (၇၅) | နိုင်လင်းကျော် | ကြည်း | ၆၃၅၀၈ |
| (၇၆) | နိုင်နိုင်အောင် | ကြည်း | ၆၃၅၀၉ |
| (၇၇) | တင်စိုးပိုင် | ကြည်း | ၆၃၅၁၀ |
| (၇၈) | ရှိုင်းအောင် | ကြည်း | ၆၃၅၁၁ |
| (၇၉) | စိုးထက်လွင် | ကြည်း | ၆၃၅၁၂ |
| (၈၀) | သန့်ဇင်နိုင် | ကြည်း | ၆၃၅၁၃ |
| (၈၁) | နေမင်းထက် | ကြည်း | ၆၃၅၁၄ |
| (၈၂) | မြင့်မောင်ကျော် | ကြည်း | ၆၃၅၁၅ |
| (၈၃) | သက်ခိုင် | ကြည်း | ၆၃၅၁၆ |
| (၈၄) | ကျော်ကျော်မင်း | ကြည်း | ၆၃၅၁၇ |
| (၈၅) | ဝင်းကိုကိုအောင် | ကြည်း | ၆၃၅၁၈ |
| (၈၆) | ဝဏ္ဏအောင် | ကြည်း | ၆၃၅၁၉ |
| (၈၇) | ညီမျိုးသန့် | ကြည်း | ၆၃၅၂၀ |
| (၈၈) | ကျော်စွာမျိုးဝင်း | ကြည်း | ၆၃၅၂၁ |
| (၈၉) | ကျော်မိုးအောင် | ကြည်း | ၆၃၅၂၂ |
| (၉၀) | နိုင်လင်းအောင် | ကြည်း | ၆၃၅၂၃ |
| (၉၁) | အောင်သန်းထိုက် | ကြည်း | ၆၃၅၂၄ |
| (၉၂) | အောင်ကျော်ဦး | ကြည်း | ၆၃၅၂၅ |
| (၉၃) | ဇေယျာမင်း | ကြည်း | ၆၃၅၂၆ |
| (၉၄) | ခန့်အောင် | ကြည်း | ၆၃၅၂၇ |

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### မြန်မာခရီးသွားပါရဂူ ကုမ္ပဏီလီမိတက်

### TRAVEX MYANMAR COMPANY LIMITED.

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာခရီးသွားပါရဂူ ကုမ္ပဏီလီမိတက် (TRAVEX MYANMAR COMPANY LIMITED.)** အား (၂၃-၁-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးနေထွဋ်ဝင်း
Managing Director
Travex Myanmar Co., Ltd.

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၀၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြေညာစာ

**ဒုံးပျံ ကုမ္ပဏီလီမိတက်**

**ROCKET COMPANY LIMITED.**

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဒုံးပျံ ကုမ္ပဏီလီမိတက် (ROCKET COMPANY LIMITED.)** အား (၁၅-၁-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွဋ်ဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Thi Thi Hla Shwe
Managing Director
Rocket Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ရွှေ့လျားဆက်သွယ်နိုင်သောနယ်မြေ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်**

**(Mobile Zone Services Company Limited)**

(အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
(မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ င အရ နှိုးဆော်လွှာ)

အထက်ပါ ကုမ္ပဏီ၏ နောက်ဆုံးစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းတင်ပြရန်နှင့် စာရင်းနှင့်ပတ်သက်၍ ရှင်းလင်းချက်ပေးရန် အစုထည့်ဝင်သူများ၏ နောက်ဆုံးအထွေထွေအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ င အရ အခန်းအမှတ် ၂ (ဘီနှင့်စီ)၊ နှင်းဆီအိမ်ရာ၊ အမှတ် ၁၈၂/၁၉၄၊ ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၌ ၂၀၁၃ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ နေ့လယ် (၂း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဒေါ်ခင်စန္ဒာဝင်း
(ဘီကွမ်း၊ စီပီအေ၊ ဒီဘီအယ်လ်)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်းအမှတ် ၂ (ဘီနှင့်စီ)၊ နှင်းဆီအိမ်ရာ၊
အမှတ် ၁၈၂/၁၉၄၊ ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြေညာစာ

**လှုပ်ရှားတက်ကြွသောမြန်မာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်**

**DYNAMIC MYANMAR CONSTRUCTION COMPANY LIMITED.**

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **လှုပ်ရှားတက်ကြွသောမြန်မာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (DYNAMIC MYANMAR CONSTRUCTION COMPANY LIMITED.)** အား (၁၅-၁-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် လည်းကောင်း၊ (၂) ဦးရဲထွဋ်ဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Aung Kyaw Oo
Managing Director
Dynamic Myanmar Construction Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**တည်ဆောက်ရေးစက်ပစ္စည်းများ လီမိတက်**

**(Infrastructure Equipment Ltd)**

(အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
(မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ င အရ နှိုးဆော်လွှာ)

အထက်ပါ ကုမ္ပဏီ၏ နောက်ဆုံးစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းတင်ပြရန်နှင့် စာရင်းနှင့်ပတ်သက်၍ ရှင်းလင်းချက်ပေးရန် အစုထည့်ဝင်သူများ၏ နောက်ဆုံးအထွေထွေအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ င အရ အခန်းအမှတ်-၂ (ဘီနှင့်စီ)၊ နှင်းဆီအိမ်ရာ၊ အမှတ်-၁၈၂/၁၉၄၊ ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၌ ၂၀၁၃ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့ နေ့လယ် (၂း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဦးကျော်ထွန်းအောင်
(ဘီကွမ်း၊ စီပီအေ၊ ဒီဘီအယ်လ်)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်းအမှတ် ၂ (ဘီနှင့်စီ)၊ နှင်းဆီအိမ်ရာ၊
အမှတ် ၁၈၂/၁၉၄၊ ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြေညာစာ

**သစ္စာတစ်လွှား ကုမ္ပဏီလီမိတက်**

**THITSAR TAHLWA COMPANY LIMITED**

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **သစ္စာတစ်လွှား ကုမ္ပဏီလီမိတက် (THITSAR TAHLWA COMPANY LIMITED.)** အား (၁၅-၁-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွဋ်ဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ (၁) လ အတွင်း ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Nan Mya
Managing Director
Thitsar Tahlwa Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ကျောက်နဂါး ကုမ္ပဏီလီမိတက်**

(အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း)
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ
နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

**ကျောက်နဂါး ကုမ္ပဏီလီမိတက်** ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၈၃၀/၂၀၀၅-၂၀၀၆ ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ (၂၄) ရက်နေ့ (၁၀) နာရီအချိန်တွင် အမှတ် - ၁၀၇ (အေ)၊ အုတ်လမ်း၊ အနောက်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပြီး ကုမ္ပဏီကို အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဒေါ်မြမာလာအေး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၉၅၊ မြသီတာလမ်း၊ ၂၉-ရပ်ကွက်၊
သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၄၀၀/၂၅-၁-၂၀၁၃။